နန့်ပုတ်ကျေးရွာ
မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နန့်ပုတ်ကျေးရွာ၊ မိုးညှင်းမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

နန့်ပုတ်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

နန့်ပုတ်ကျေးရွာ

မိုးညှင်းမြို့နယ်

နန့်ပုတ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင် သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်တွင်တည်ရှိသည်။မိုးညှင်းမြို့နှင့် ၁.၅မိုင်ကွာဝေး၍ သွားလာရ လွယ်ကူသည်။ ရွာထိပ်တွင် စိန့်ခေါဖိတ်(ခ)ရန်အောင်မြင် စေတီတော်ဘုရားတည်ရှိပ်သည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိက အသက်မွေးဝမ်းကြောင်း စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ကျေးရွာ ပတ်လည်တွင် နန့်ရင်းချောင်းနှင့် အခြားရေချောင်းများ လယ်မြေများဖြင့် ဝန်းရံထား သည်။ ကျေးရွာအိမ်ခြေ ၃၀၀ကျော်ရှိပြီး အုပ်စုရွာဖြစ်ပါသည်။ရွှေဘို မြစ်ကြီးနားလမ်းအပြင် မြို့ရှောင်လမ်းလည်းဖောက်လုပ်ထားသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်အပြင် အချက်အခြာကျပါသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေဇရိယာ ထောင်ချီဧကရှိပြီးမြေပြန့်ဒေသဖြစ်ပြီး မြေဆီ အသင့်အတင့်ရှိ ကောင်းမွန် ပါသည်။ ကျေးရွာတွင် သယံဇာတအဖြစ်ဝါးများ ပေါများသည်။ ဝါးကို ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်ခြင်းမရှိသေးပါ။ ဝါးများကို ထရံကာခြင်း စိုက်ခင်းတွင် ခြံကာရာတွင် အသုံးပြုသည်။လယ်မြေအများစုမှာ မိုးရေနှင့် တောင်ကျချောင်းရေကိုသာ အများအပြားအသုံး ပြုကြသည်။ လယ်မြေဧကာ၀၀၀ကျော်ဧကရှိပြီး စပါးကိုသာ အဓိက စိုက်ပျိုးကြသည်။ ရေရရှိသော အချို့လယ်များတွင် ဆောင်းသီးနှံအဖြစ် ပဲအမျိုးမျိုး၊အာလူး၊ကြက်သွန်တို့ကို စိုက်ပျိုးကြသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ခြေ(၃၁၈)အိမ်ရှိပြီး အိမ်ထောင်စုပေါင်း(၃၁၈)စုနှင့် ကျား ၇၈၃ဦး၊ မ ၈၄၆ ဦးရှိပြီး တစ်အိမ်ထောင်လျှင်(၅.၁၂)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးနှုန်း ဆိုထား ပါသဖြင့် စံနှုန်းနှင့် ကိုက်ညီပါသည်။ ကျေးရွာတွင် ရှမ်းဗမာ တိုင်းလျှန်း(ရှမ်းနီ)လူမျိုးများ နေထိုင်ကြပြီးဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၆၅.၅ရာခိုင်နှုန်း ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ် ဖြစပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် ချမ်းသာသည့်အဆင့်တွင် (၄)ရာခိုင်နှုန်း ဖြစ်ပြီး အလယ်အလတ်အဆင့်တွင် (၄၈)ရာခိုင်နှုန်း၊ဆင်းရဲသော အိမ်ထောင်စုတွင် (၃၈) ရာခိုင်နှုန်း၊ အလွန်ဆင်းရဲသောအိမ်ထောင်စုတွင် (၁၀)ရာခိုင်နှုန်း ရှိပါသည်။ ကျေးရွာတွင် လယ်ယာ လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကိရိယာများ အနည်းငယ် ပိုင်ဆိုင်မှုနှင့် ရတနာမြေများထွက်ရှိရာ ဖားကန့်၊ တနိုင်း၊နမ္မချီမှော် များနှင့် လက်လှမ်းမှီ သဖြင့် ကျေးရွာ

စီးပွားရေးအခြေအနေ အသင့်အတင့် ရှိပါသည်။ ချမ်းသာသော အိမ်ထောင်စု အများစုမှာ လယ်ဧကများစွာပိုင်ဆိုင်သော လယ်သမားများဖြစ်ကြသည်။လူငယ်အများစုမှာ ဖားကန့်မြေသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည်။ အစိုးရဝန်ထမ်းလုပ်ကိုင်သူများလည်းရှိသည်။ဘွဲ့ရပြီး အလုပ်မလုပ်သူများလည်းရှိသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း ၊ဆောက်လုပ်ရေးလုပ်ငန်း လက်လီရောင်းဝယ်ရေးနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းတို့တွင် လုပ်ကိုင်ရှာဖွေနိုင်သည်။ကျေးရွာမှဆင်းရဲနှင့်အလွန်ဆင်းရဲသောအိမ်ထောင်စုများ၏ (၄၈)ရာခိုင်နှုန်း ဖြစ်သော(၁၀)အိမ်ထောင်စုကို စစ်တမ်းကောက်ယူမှုအရ ယင်းတို့၏ ၁၀၀ရာခိုင်နှုန်းမှာ ချေးငှားယူကြသည်။ အကြွေးတင်ရှိမှုတွင် အိမ်ထောင်စု အားလုံးသည် ချေးငှားယူကြသည့်အတွက် အကြွေးတင်ရှိကြသည်။ အိမ်ထောင်စု အားလုံး၏ ၂၅ရာခိုင်နှုန်းသည် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများဖြစ်ကြသည်။ထိခိုက်လွယ်သောအိမ်ထောင်စု(၃)စုရှိပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ကျေးရွာသူ ရွာသားအများစုသည် သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန် ပြီး အဟာရပြည့်ဝမှုရှိပါသည်။ ကလေးငယ်အများစုမှာ ကျန်းမာကြသည်။ သက်ကြီးပိုင်းအများစုမှာ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါများ ပိုမိုဖြစ်ကြသည်။ ရွာသားအများစုမှာ ကျန်းမာရေးဗဟုသုတ နည်းပါးသည်။အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲသို့လည်းကောင်း မိုးညှင်းမြို့ ကုတင်၁၀၀ဆံ့ ဆေးရုံသို့ လည်းကောင်း အလွယ်တကူသွားလာနိုင်သည်။ကျေးရွာတွင် တုံကင်၊ရေတွင်း မော်တာသုံးတို့ဖြင့် ရေကို အလွယ်တကူ ရရှိနိုင်ပြီး ရေနှင့်ပတ်သက်သော ရောဂါဖြစ်ပွားမှုနည်းပါးကြောင်းတွေ့ရှိရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေးအဖတ်အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင် တက်ရောက်တင်ကြားနိုင်ပြီး အထက်တန်းကို မိုးညှင်းမြို့ရှိ အ.ထ.က(၁)နှင့် အ.ထ.က(၂)တွင် တက်ရောက်သင်ကြားကြသည်။ အသက်မွေး ဝမ်းကျောင်းမှာ နိမ့်ကျဆဲ ဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးဆဲဖြစ်ပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွပ်လပ်မှုရှိသည်။ ကျား-မရေးရာဆိုင်ရာတာဝန်ယူအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းမွန်စွာ

သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု နှင့် ခွဲခြားကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား/ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျားလေး အရေအတွက်ထက်များပြီး အလယ်တန်းနှင့် အထက်တန်းအဆင့်များတွင်လည်း အမျိုးသမီးအရေ အတွက်ကများနေသည်။ သို့သော် ပညာသင်ယူရေးဆိုင်ရာတွင် အခွင့်အရေးမှာ အမျိုးသမီး၊ အမျိုး သား အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခများမှာ အမျိုးသားများက ပိုရကြပါ သည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများ သည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီး ရကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် မူ အမျိုးသမီးများမရှိသလောက် ရှားပါးပါသည်။ ကျားမတန်းတူညီမျှမှုနှင့် ပတ်သက် ၍ အသိပညာပေးခြင်း မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းညီမျှမှု ဖွံ့ဖြိုးအတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၅)ဖွဲ့ရှိပါသည်။ အဖွဲ့အစည်းအားလုံး၏ လုပ်ရှားဆောင်ရွက်မှုများမှာ အားနည်းလျက်ရှိပြီး အဆိုပါ အဖွဲ့အစည်းများ၏တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်မှုအားနည်းပါသည်။အဖွဲ့အစည်းများ၏စွမ်ဆောင်ရည်မြှင့်မားရေးသင်တန်းများရရှိနိုင်ပါက ကျေးရွာရှိ အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေးဆိုင်ရာအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေမည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကိုသာ အဓိကထား၍ စိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ဧကာ၀၀၀ ကျော်ရှိပါသည်။သီးထပ်အဖြစ် ပဲအမျိုးမျိုး၊အာလူး၊ ကြက်သွန်နှင့် ဖရဲသီးတို့ကို ရေရရှိသော လယ်များတွင်စိုက်ပျိုးကြသည်။ မိုးစပါးပျမ်းမျှအထွက်မှာ ၁ဧက ၈၅တင်း ထွက်ရှိပါသည်။ ပဲငပိ၁၃ တင်း၊အာလူး၁၈၀၀ပိဿာ၊ကြက်သွန် ၁၃၀၀ပိဿာနှုန်း ထွက်ရှိပါသည်။ နည်းပညာဝန်ဆောင်မှု နည်းပါး နေပါသေးသည်။တောင်သူအများစုသည် လုပ်ငန်းအတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရပြီး လုပ်အားခ ပိုမိုပေးနိုင်မှသာလျှင် အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားရပါသည်။ တခါတရံ ရာသီဥတု မမျှတ သဖြင့်စပါးစိုက်ရန်အခက်အခဲနှင့်ရင်ဆိုင်ရတတ်သည်။ ဆောင်းသီးနှံ စိုက်ပျိုးခင်းများတွင် ဖျက်ပိုး ကျရောက်တတ်ပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကို ခံနိုင်စွမ်းရှိသဖြင့် တောင်သူများ ထိရောက်သော ဖျက်ပိုးနှိမ်နင်းရေးစနစ်ကို လိုလားနေကြသည်။ ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စု အရေအတွက်မှာ တစ်ရွာလုံး၏၈% ရှိပါသည်။

(ဂ)စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းများမှာ ဆန်စက်၊ သစ်စက်၊နွေစား စျေးရောင်း၊လယ်သမား၊အစိုးရဝန်ထမ်း၊ကျောက်ရှာလုပ်ငန်းတို့ဖြစ်ကြပါသည်။ လက်လုပ်လက်စား အများစုမှာ စိုက်ပျိုးရေးနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်ကြပြီး ကျန်အချိန်များတွင် ရာသီတွင်သာ အလုပ်အကိုင်ရခြင်းတို့ကြောင့် အလုပ်အကိုင်နှင့် ဝင်ငွေမမျှဘဲ တွက်ခြေကိုက်မှုနည်းပါးသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အပ်ချုပ်စက်သင်တန်း၊ဆံပင်အလှပြင်၊ ဖုန်းပြင်၊ ဝပ်ရှော့၊ကွန်ပျူတာစသည့် သင်တန်းများရှိသော်လည်း ရွာသားအများစုမှာ သင်တန်းသို့ တက်ရောက်မှုနည်းပါးပါသည်။ ရွာသားအများစုမှာ ပညာအရည်အချင်းနိမ့်ကျသဖြင့် အဓိက ကိုယ်ကာယသုံး လုပ်ငန်းများတွင်သာအဓိက လုပ်ကိုင်ကြသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့်ဆောင်းသီးနှံစိုက်ခင်းများ၌ ရောဂါပိုးမွှားများကျရောက်တတ်ခြင်းကြောင့် ပိုးတတ်ဆေးနှင့် ဓာတုဗေဒပါသောဓာတ်မြေဩဇာများ အလွန်အကျွံ သုံးစွဲရသောကြောင့် မြေဆီဩဇာများ အလွန်အကျွံသုံးစွဲရသောကြောင့်မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်ပါသည်။ စိုက်ခင်းများတွင် ပေါင်းအလွန်ထူသောကြောင့် ဓာတုဖြေပေါင်းဆေးများ အသုံးပြုမှုများပြားလာပါသည်။ထို့ကြောင့် ကျန်းမာရေးနှင့်လူမှုပတ်ဝန်းကျင်ကို ထိခိုင်နိုင်သည်။ စွန့်ပစ်ပစ္စည်းများဖြစ်သော ပလပ်စတစ်အိပ်ခွံ၊ပုလင်းခွံနှင့် ဘူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများပျက်စီးတတ်ကြောင်းကို အသိပညာပေးလုပ်ငန်းများ မြင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။ တောတောင် ပြုန်းတီးမှု များပြားလာသဖြင့် ရာသီဥတုဖောက်ပြန်ကာ နွေရာသီတွင် ချောင်းရေများခန်းခြောက်၍ ရေရှားပါးမှုဖြစ်ပေါ်လျက်ရှိပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း၇၅ပြားတိုး ၁၈ကျပ်၀၀၀နှုန်းဖြင့် အများဆုံး၁၀၈ကအတွက် ချေးယူနိုင်ကြသည်။ သမဝါယမဦးစီးဌာနမှလည်း သမချေးငွေများကို ထုတ်ချေးလျက်ရှိသည်။ အထက်ပါ ချေးငွေများသည် တောင်သူလယ်သမားအတွက်သာ ထုတ်ချေးပေးသောကြောင့် တောင်သူမဟုတ်သော မခြားအိမ်ထောင်စုများအတွက် ငွေကြေးနှင့်ဆိုင်သော ဝန်ဆောင်မှုများ အခက်အခဲရှိသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အဆောက်အဦး ၂ခုဖြင့် သင်ကြားလျက်ရှိသည်။ ရွာသားအများစုမှာ ရေးတတ်ဖတ်တတ်ပြီး လူဦးရေအားလုံး၏ ၂%သည် စာမတတ်သူဦးရေနှင့် ၇%မှာ ဘုန်းကြီးကျောင်း ပညာရေးတွင်သာ သင်ကြားခဲ့ရပါသည်။ မူလတန်းကျောင်းနေသူဦးရေသည်စုစုပေါင်းကျောင်းနေသူဦးရေ၏ ၁၂.၄၅%ရှိပြီး အလယ်တန်းနှင့်အထက်တန်းကျောင်းသူ

ဦးရေသည်၆၀.၈၅%ရှိပြီးတက္ကသိုလ်တက်ရောက်နေသောကျောင်းသားဦးရေမှာ ၁၈% ခန့်ရှိပါသည်။ မူလတန်းကျောင်း(၇)တန်းထိကို ကျေးရွာတွင်းတွင်သာ သက်ရောက်သင်ကြားနိုင်ပြီး အထက်တန်းကို ကျေးရွာနှင့်(၁)မိုင်ခန့်ဝေးသော အ.ထ.က(၁)နှင့် အ.ထ.က(၂)တွင် သွားရောက်သင်ကြားနိုင်ပါသည်။ တက္ကသိုလ်ပညာရေးကို မိုးညှင်းမြို့၊မြစ်ကြီးနား၊ မန္တလေး၊ ဗန်းမော် တက္ကသိုလ်များသို့ သွားရောက်သင်ကြားနိုင်ပါသည်။ရွာရှိမူလတန်းကျောင်းတွင် ကျောင်းသားဦးရေ ၂၅၀နှင့် ကျောင်းဆရာ/ဆရာမ(၁၁)ဦး ရှိပါသဖြင့်အင်အားလုံလောက်မှုရှိသည်။ ကျောင်းတွင် ပရိဘောဂနှင့် ကျောင်းသုံးစာအုပ်၊စာရေးကရိယာ ကျောင်းအားကစား ဆိုင်ရာ ပစ္စည်းများ နည်းပါးပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းကိုသာ အဓိကမှီခိုနေရသည်။ ကျန်းမားရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ ကျေးရွာအတွက် လိုအပ်မှုတို့ရှိနေပါသေးသည်။ ယင်လုံအိမ်သာ တစ်ရွာလုံး အသုံးပြုကြသဖြင့် ရေနှင့်ဆက်စပ်ဖြစ်တတ်သော ရောဂါများနည်းပါးပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အားကစားနှင့်ပတ်သက်၍လည်း လကလှမ်းမှီမှု မရှိခြင်းကြောင့် အားကစားနှင့်ဆိုင်သော ဖွံ့ဖြိုးမှုများ နောက်ကျလျက်ရှိသည်။ ကျေးရွာတွင်းရှိ လူမှုရေးလုပ်ငန်း များတွင်ပါဝင်ဆောင်ရွက်နေကြသော်လည်းအားနည်းပါသေးသည်။ ရိုးရာယဉ်ကျေးမှုလည်းအား နည်း နေပါသေးသည်။ ကျေးရွာဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်သည့် လုပ်ငန်းများသီးသန့် ဖော်ဆောင်လုပ်ဆောင်ခြင်းမရှိသေးပါ။

(ဇ) အခြေခံအဆောက်အဦး လမ်းတံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာရှိလမ်းများအားလုံးမှာ မြေသားလမ်းဖြစ်ကြပါသည်။ မြေသားလမ်းဖြစ်သည့် အတွက် မိုးရာသီရောက်ပါက အမြဲပြုပြင်နေရပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၅ခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိအိမ်ထောင်စု အားလုံး သွယ်တန်းအသုံးပြုနိုင်ပါသည်။ ကျေးရွာရှိ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေး ရွာရှိ အင်တာနက်အသုံးပြုနိုင်မှုမှာ သင့်သင့်မျှသာရှိပြီး သတင်းအချက်အလက် များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး ရွာသူ/ရွာသားအများစုမှသည် စာအုပ်စာပေဖတ်ရှုမှုအားနည်းပြီး စာပေဗဟုသုတနည်းပါးပါသေးသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပါသည်။မြို့နယ်ရဲစခန်း အလွယ်တချိတ်ဆက် နိုင်သည်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြဿနာများသည် လူငယ်နှင့် ကျေးရွာရှိပြည်သူလူထု များအား ထိခိုက်မှုရှိပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သီးသန့်

ရေးဆွဲထားခြင်းမရှိပါ။ အာမခံလုပ်ငန်းနှင့် ပတ်သက်၍လည်း ဝန်ဆောင်မှုမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူ/ ကျောင်းသားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် အထောက် အကူပြုနေသည်။

လူငယ်ပညာတတ် လူငယ်များရှိပြီး ကျွမ်းကျင်မှုနှင့်ဆိုင်သော အသက်မွေးဝမ်းကြောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ကျေးလက် ကျန်းမာရေးဌာနခွဲရှိ ပါသည်။ မူလွန်ကျောင်းရှိခြင်း၊ဆရာမ ဦးရေလုံလောက်ခြင်းတို့ကြောင့် ပညာရေးအသင့်သင့် ကောင်းမွန်သည်။ သဘာဝအရင်းအမြစ်လယ်မြေများသည် မြေဩဇာ အတော်အသင့် ကောင်းမါန်သည်။လယ်ယာထွက်ကုန်များကိုမိုးညှင်းမြို့သို့အလွယ်တကူ သယ်ယူပို့ဆောင်၍ ရောင်းချနိုင်ပါသည်။ မိုးညှင်မြို့နှင့် (၁)မိုင်ခန့်သာ ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် သွားလာရေးလွယ်ကူပါသည်။ ကျေးရွာတွင် ရာဇဝတ်မှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ဆက်သွယ်ရေးအဖြစ် ဖုန်း၊ အင်တာနက်တို့ကို အသုံးပြုပြီး သတင်းအချက်အလက်များကို အသင့်သင့်ချိတ်ဆက်အသုံးပြု နိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သော်လည်း ဆည်ရေကောင်းမွန်စွာမရရှိသဖြင့် ဆောင်းသီးနှံများအတွက်ရေအခက်အခဲရှိသည်။ လယ်ယာလုပ် သား ရှားပါးမှုကိုလည်း ဖြေရှင်းရန်အခက်အခဲရှိပါသည်။မျိုးကောင်းမျိုးသန့် မစိုက်ပျိုးနိုင်သဖြင့် အထွက်နှုန်းမှာ သာမာန်ဖြစ်သည်။ ဆည်ပြုပြင်ရန် ငွေကြေးအင်အားမလုံလောက်သဖြင့် အခက်အခဲရှိသည်။

(က)-၄ ကျေးရွာလမ်းတံတားနှင့် အခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည့် တချိန်တည်းတွင် ကျေးရွာအဆောက်အဦးများကို အသုံးပြု စီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြသည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်ရန်တိုက်တွန်းအားပေး ဆောင်ရွက်နေသည်။

(ခ)-၅ ကျေးရွာရှိ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်ရန် ကျွမ်းကျင်မှုသင်တန်း တက်ရောက် နိုင်ရန် ဆောင်ရွက်ပေးမည်။ လူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးအောင်

မူးယစ်ဆေးဝါးကိုထိရောက်စွာနှိမ်နှင်းရေးအဖွဲ့နှင့် ပူးပေါင်း၍ နှိမ်နှင်းဆောင်ရွက်သွားမည်။ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် အားကစားနှင့် စာအုပ်စာပေကို လူငယ်များ စိတ်ဝင်စားလာအောင် ဆောင်ရွက်ပေးမည်။

လယ်ယာမြေများကိုလည်း ရရှိနိုင်သလောက်ထပ်မံတိုးချဲ့ကြပါသည်။ လက်ရှိလယ်မြေများကိုလည်းအထွက်နှုန်းတိုးအောင်လည်းပြုလုပ်ကြပါသည်။ မြို့နယ်စိုက်ပျိုးရေးဌာနမှ နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများနှင့် စိုက်ပျိုးရေးကုမ္ပဏီများ၏ လက်လှမ်းမှီမှုမရှိသဖြင့် စိုက်ပျိုးရေးနှင့်ပတ်သက်သော ဝန်ဆောင်မှုထိရောက်စွာ အကောင်အထည်ဖော်ပေးနိုင်သော အစီအစဉ်မရှိပါ။ ကျေးရွာတွင်တောင်သူများအနေဖြင့် ဘဏ်ချေးငွေကို ရရှိသော်လည်း စိုက်ပျိုးချိန်ထက် နောက်ကျသဖြင့် ထိရောက်မှုအားနည်းသည်။ ကျေးရွာတွင်ငွေတိုးချေးပေးသူများရှိသော်လည်း အတိုးမြင့်မားတတ်သည်။

မူးယစ်ဆေးဝါးကိုလည်းထိရောက်စွာ နိမ်နှင်းနိုင်ခြင်းမရှိသဖြင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားဖြစ်စေသည်။ မြို့နယ်ရဲစခန်းနှင့်လက်လှမ်းမှီသော်လည်း မူးယစ်ဆေးဝါးအတော် ပေါများသည်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော အသိပညာပေးအတော်နည်းပါးသဖြင့် မူးယစ်ဆေးဝါးဗဟုတုသနည်းပါးသည်။ ကျန်းမာရေးဗဟုသုတနည်းပါးသည်။ ကျေးရွာရှိ လူထုအတွက် စက်ရုံအလုပ်ရုံမရှိသဖြင့် အလုပ်အကိုင်ရှားပါးပြီး ပုံမှန်ဝင်ငွေရရှိရန်အတွက် အဟန့်အတားရှိသည်။ ကုန်ကြမ်းအဖြစ်ဝါးထွက်ရှိသော်လည်း ကုန်ချောထုတ်လုပ်ရန် နည်းပညာနှင့် စက်ရုံများ လက်လှမ်းမှီမှုမရှိပါ။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် တံတားခိုင်ခံ့ကောင်းမွန်၍ သွားရေးလာရေး အန္တရာယ်ကင်းရှင်းပြီး ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ဘုန်းကြီးပြန်လည်တည်ဆောက်ခြင်း ဓမ္မစကူးသင်တန်းဖွင့်လှစ်ခြင်း၊ရိုးရာယဉ်ကျေးမှုထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် ရွာရှိပြည်သူလူထုများ ဘာသာရေးအမြင် ပိုမိုသိရှိလာပြီး မူးယစ်ဆေးဝါးသို့ အာရုံရောက်ရှိမှု လျော့နည်းကာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်ကာ လူငယ်များစည်းလုံးညီညွတ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရမည်။

က.၃) ကျွန်ုပ်တို့သည် စာတတ်မြောက်မှုပိုမိုတိုးတက်လာစေရန် စာသင်ကျောင်းပြုပြင် ဆောက်လုပ်ခြင်း လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ကျယ်ဝန်းလာစေရန် စာကြည့်တိုက် ဖွံ့လှစ်ခြင်း၊ စာအုပ်စာပေ အစုလိုက်လေ့လာခြင်းဖြင့် ပိုမိုကောင်းမွန်သောစီးပွားရေး အခွင့်အလမ်းများကိုရရှိလာစေရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျွန်ုပ်တို့၏ အဓိကစီးပွားရေးအသက်မွေးဝမ်းကြောင်းဖြစ်သော စိုက်ပျိုးရေးအတွက် ဆည်မြောင်းပြုပြင်တည်ဆောက်ခြင်း၊ လယ်ယာလုပ်သားရှားပါးမှုပြဿနာ

အတွက် စက်မှုလယ်ယာ အသုံးပြုနိုင်ရန်အတွက် နည်းပညာရရှိအောင်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာရှိစီးပွားရေးထုတ်ကုန်ပိုမို တိုးတက်လာစေပြီး ကျေးရွာရှိ ပြည်သူလူထု ဝင်ငွေတိုး တက်လာစေရမည်။

က.၅) ကျွန်ုပ်တို့သည် ကျေးရွာရှိလမ်းတံတား ပိုမိုကောင်းမွန်အောင်တည်ဆောက်ခြင်းဖြင့် ထုတ်ကုန်သယ်ယူပို့ဆောင်မှု ကောင်းမွန်လာခြင်း အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိလာခြင်း ဝင်ငွေတိုးပွားလာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် ဘုန်းကြီးကျောင်းတည်ဆောက်ရန် ငွေကြေးကောက်ခံခြင်း၊ ဘုန်းကြီးကျောင်း တည်ဆောက်နိုင်ရန် ဆောင်ရွက်သွားမည်။ပြင်ပ အလှူရှင်များရရှိအောင် အလှူခံခြင်းအားဖြင့် ဘုန်းကြီးကျောင်းနှင့် သာသနာဗိမာန်အမြန်တည်ဆောက်ပြီးစီးနိုင်ရန် ဆောင်ရွက်သွားမည်။ သာသနာ့ဗိမာန်နှင့် ဘုန်းတော်ကြီးကျောင်းတည်ဆောက်ခြင်းဖြင့် ကျေးရွာရှိလူငယ်များ လိမ်မာ ယဉ်ကျေး လာခြင်းအားဖြင့် မူးယစ်ဆေးဝါးအန္တရာယ် ကြုံတင်ကာကွယ်နိုင်သည်။ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရန်အတွက် ရိုးရာအကများနှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းရန်အတွက် ရိုးရာအကနှင့် ရိုးရာယဉ်ကျေးမှုစာပေများကို လူငယ်များအား လက်ဆင့်ကမ်းသင်ကြားပေးခြင်းအားဖြင့် လူငယ်များကို ရိုးရာယဉ်ကျေးမှု ပိုမိုသိရှိလာပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်လာနိုင်ရမည်။

ခ.၂) ကျေးရွာတွင် စာသင်ကျောင်းခြံစည်းရိုးကာရခြင်း၊စာသင်ကျောင်းအသစ်ပြုပြင် ဆောက်လုပ်ခြင်းအားဖြင့် ကလေးသူငယ်များ၏ ပညာအရည်အချင်း တိုးတက်မြင့်မားလာစေရေး အတွက် ဆောင်ရွက်မည်။ ကျေးရွာရှိလူငယ်များအတွက် ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်ခြင်း အားဖြင့် လူငယ်များ စာပေဗဟုသုတ ပိုမိုရရှိကာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရမည်။ စာပေဗဟုသုတများ လေ့လာလိုက်စားခြင်းအားဖြင့် အသိပညာဗဟုသုတ တိုးပွားကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုတိုးပွားလာပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်နိုင်ရမည်။

ခ.၃) ကျွန်ုပ်တို့သည် စိုက်ပျိုးရေးလုပ်ငန်းအတွက် ဆည်မြောင်းများကိုပြုပြင်မွမ်းမံခြင်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း အလုပ်သမားရှားပါးမှုအတွက် စက်မှုလယ်ယာအဖြစ် ပြောင်းလဲနိုင်ရန် နည်းပညာအကူအညီရယူခြင်းဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ကာ တောင်သူ လယ်သမားများအတွက် ဝင်ငွေပိုမိုကောင်းမွန်လာစေရမည်။ လူငယ်များအတွက် အပ်ချုပ်၊ဆံပင်ညှပ် ၊စက်ပြင်၊မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း ၊မိုဘိုင်းဖုန်းပြုပြင်ခြင်း၊ ကွန်ပျူတာပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများမှ သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ပြီး အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် အဆောက်အဦးများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာရှိ တံတားများကိုလည်း ပြုပြင်ပြီး လမ်းပန်းဆက်သွယ်ရေး ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ပေးမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း အခြေပြုလုပ်ငန်း များကိုအကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည် များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်သွားမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံ တော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံ ချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးကိုသာ အဓိကစိုက်ပျိုးကြပါသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးမှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည် ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နှင်းရေး နည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်းများသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်း များအတွက် အထိုက်လျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်း အဖွဲ့စည်းထားခြင်း မရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ် သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) ကျေးလက်အသေးစား စက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်ငှင်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှု နည်းပညာ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုး ကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထော်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။

ကျွန်တော်ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါအဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိက တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထို့အဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

(ဇ) ကျေးလက်စျေးဆောက်လုပ်ရေး

ကျေးရွာတွင် အိမ်ဆိုင်အသေးလေးဒဆိုင်ရှိပါသည်။ စျေးအဆောက်အဦတို့ကဖြင့် မလိုအပ်ပါ။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည်။ စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်ကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဗျူဟာမူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရ ခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုးရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ် ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင် အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေး မှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

